# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 30 , 2023 Volume 66, Number 20


၃၀.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၉၇ျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ



https://www.commerce.gov.mm

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရုံးများသို့ သွားရောက်စစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80% B1% E1%80%

## ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် (၃) သိန်း (၆) သောင်းကျော် ထွက်ရှိခဲ့ပြီး တန်ချိန် (၂) သိန်းကျော်ပြည်ပတင်ပို့နိုင်ခဲ့



Popular News Journal

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် (၃) သိန်း (၆) သောင်းကျော်ထွက်ရှိခဲ့ပြီး ပြည်ပသို့ ရော်ဘာတန်ချိန် (၂) သိန်းကျော် တင်ပို့ခဲ့ကြောင်း ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။

"အခုဆိုရင် မုတ်သုံမိုးက လာပြီဖြစ်တဲ့အတွက် ရော်ဘာထုတ်လုပ်မှုကို ရပ်ဆိုင်းထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ရော်ဘာဈေးက တက်လိုက်ကျလိုက်ပဲ။ ရပ်ဆိုင်းထားတဲ့ ကာလအတွင်းမှာ ရော်ဘာစိုက်ပျိုးတာ၊ ခြံရှင်းတာ၊ အဆင့်မြှင့်တင်တာတွေ လုပ်ပါတယ်"ဟု ၎င်းကဆိုသည်။

တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက ဆယ့်ခြောက်သိန်းကျော်ရှိပြီး ဧကရှစ်သိန်းကျော်မှ တစ်နှစ်လျှင် တန်ချိန်သုံးသိန်းကျော် ထုတ်လုပ်နေကြောင်းလည်း သိရသည်။

ပြည်တွင်း၌ ရော်ဘာကို တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ လက်ရှိ ရော်ဘာဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၃၈၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ့ရော်ဘာတင်ပို့မှုတွင် တရုတ်နိုင်ငံကို အဓိကတင်ပို့ပြီး တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့ထားပြီး ရော်ဘာပြည်ပတင်ပို့ရာတွင် နယ်စပ်လမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကပါ တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။

**Source: Popular News Journal**

## တရုတ်ယွမ်ဖြင့် သံနှင့်သံမဏိတင်သွင်းပါက လိုင်စင်ဦးစားပေးမည်

ပြည်ပကနေ သံနဲ့သံမဏိတွေ တင်သွင်းတဲ့အခါ အမေရိကန်ဒေါ်လာ အသုံးပြုပေးချေခြင်းကနေ တရုတ်ယွမ်ငွေကို ပြောင်းလဲသုံးစွဲမယ်ဆိုရင် သွင်းကုန်လိုင်စင်ချထားမှုကို ဦးပေးမယ်လို့ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း (MISA) မှ သိရှိရပါတယ်။

ပို့ကုန်/သွင်းကုန်ကဏ္ဍကို အဓိကထိန်းကျောင်းနေတဲ့ ကုန်သွယ်ရေးဦးစီးဌာနက ယခုနှစ်အတွင်း သံနဲ့သံမဏိတင်သွင်းတဲ့အခါ ကန်ဒေါ်လာအစား တရုတ်ယွမ်ကို အစားထိုးသုံးစွဲဖို့ MISA ကို တိုက်တွန်းထားပါတယ်။ သံ၊ သံမဏိလုပ်ငန်းရှင်အချို့က လိုင်စင်ဦးစားပေးရရှိမယ့် ကုန်သွယ်ရေးဦးစီးဌာနရဲ့ တိုက်တွန်းချက်အပေါ်ကြိုဆိုကြပြီး တရုတ်ယွမ်အသုံးပြုခွင့်ပေးလို့ တင်သွင်းမှုအပြင် ဖြန့်ဖြူးမှုအပိုင်းမှာပါ အဆင်ပြေနိုင်တယ်လို့ သုံးသပ်ကြပါတယ်။

ထုတ်ပြန်ချက်ကြောင့် ကုန်သွယ်ရေးဦးစီးဌာနဆီ သွင်းကုန်လိုင်စင်တင်ထားတဲ့ သံ၊ သံမဏိလုပ်ငန်း/ကုမ္ပဏီတွေအနေနဲ့ ကန်ဒေါ်လာနဲ့ညီမျှတဲ့ တရုတ်ယွမ်ငွေကို ပြောင်းလဲပြင်ဆင်ပြီး လိုင်စင်တင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းက လိုင်စင်ချထားပေးမှုကို နောက်ဆုံးအမှတ်စဉ် (၈၁) အထိ ချထားပေးခဲ့ပြီး လိုအပ်ချက်အရ ပြည်ပကနေ နှစ်စဉ် သံနဲ့သံမဏိဆက်စပ်ပစ္စည်း တန်ချိန် (၃) သန်းခန့် တင်သွင်းနေရပါတယ်။

ပြည်တွင်းထုတ်လုပ်နိုင်စွမ်းက တန်ချိန် (၁) သန်းခန့်သာ ထုတ်လုပ်မှုရှိလို့ ပြည်ပက တင်သွင်းရမှုအတွက် အမေရိကန်ဒေါ်လာ (၁) ဘီလီယံကျော် သုံးစွဲနေရတယ်လို့ စက်မှုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားထားပါတယ်။

**Source: BETV Business**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၂-၅-၂၀၂၃ မှ ၂၆-၅-၂၀၂၃) အတွင်းကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၂၇၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၅၁၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၆၈၇၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၁၂၅၀၀ ၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၂၅၀၀ နှင့် Red/RC (2022 Crop) ကျပ် ၁၂၅၀၀ ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၁၀ လုံး ( တန်ချိန် ၂၄၀ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မြွားနီ ကျပ် ၁၁၅၀၀၊ ပန်းရဲ ငရုတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မိုးထောင်(ဒီမွန်) ကျပ် ၁၃၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကွျန်း (ပု) ကျပ် ၁၆၅၀၀ နှင့်

မြစ်ဝ(ပု)သစ် ကျပ် ၁၄၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မိုးထောင်(ဒီမွန်) ကျပ် ၃၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်ဈေးများ ငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၂၅၀၀ (၅၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၄၇၀၀ (၉၄၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၂၀၀ (၁၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ငရုတ်ရှည်အိတ်ပေါင်း ၂၂၀၀ (၄၄၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၂၀၀ (၁၈၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၅၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၆၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၂၇၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၅၀၊ ပခုက္ကူကြမ်းကျပ် ၂၈၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၃၆၀၀၊ ကြံသကာ(စစ်) ကျပ် ၂၉၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၃၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ် (ထန်း) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ရေစကြိုထန်းလျက်(ချော) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ကြောင်းသိရ သည်။

**Source: Domestic (Ygn)**

**MITC**

## ထိုင်းကျွဲကောအမေရိကန်သို့ တင်သွင်းခွင့်ရရှိ



https://www.foodindustrydirectory.com.mm

အမေရိကန်သည် ထိုင်းကျွဲကောကို လာမည့်လတွင် စတင်တင်သွင်းမည်ဖြစ်သည်။ ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနမှ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Rapeepat Chantarasriwong က ထိုင်းနိုင်ငံမှ အရည်ရွှမ်းပြီး လတ်ဆတ်သော ကျွဲကောသီးများ တင်သွင်းခွင့်ကို အမေရိကန်က ပထမဦးဆုံးအကြိမ် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး မျိုးကွဲများကို ကန့်သတ်ချက်မရှိကြောင်း၊ ထိုင်းကျွဲကောသီး၏ အရသာနှင့် အရောင်သည် အမေရိကန်စားသုံးသူများကို သဘောကျစေမည်ဖြစ်သည်ဟု ပြောကြားသည်။ ကျွဲကောသီးသည် ထိုင်းနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်သွင်းရန် ခွင့်ပြုချက်ရရှိသော အဋ္ဌမမြောက်အသီးဖြစ်သည်။

ယခင်ခွင့်ပြုချက် ရရှိထားသည့် အသီး ၇ မျိုးမှာ သရက်သီး၊ ကြက်မောက်သီး၊ ကနစိုသီး၊ မင်းဂွတ်သီး၊ လိုင်ချီးသီး၊ နာနတ်သီး၊ နဂါးမောက်သီးတို့ဖြစ်ပါသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသည် ကျွဲကောသီးကို နိုင်ငံပေါင်း ၃၀ သို့ တင်ပို့လျက်ရှိပြီး တရုတ်နှင့်မလေးရှားနိုင်ငံများသို့ အဓိကအားဖြင့် တင်ပို့သည်။

ထိုင်းနိုင်ငံသည် ယမန်နှစ်က ဘတ် ၄၅ သန်းတန်ဖိုးရှိ ကျွဲကောတန်ချိန် ၁ သန်းခန့် တင်ပို့ခဲ့သည်။ အမေရိကန်နိုင်ငံသို့ ထိုင်းကျွဲကောများကို လာမည့်လမှစ၍ တင်ပို့မည်ဖြစ်ရာ၌ လေကြောင်းကုန်စည်ဖြင့်ပေးပို့မည်။ ထိုင်းကျွဲကောသီးများ စိုက်ပျိုးထုတ်လုပ်ရာတွင် Good Agricultural Practice (GAP) and Good Manufacturing Practices (GMP) စံသတ်မှတ်ချက်များကိုက်ညီဖို့လိုအပ်သည်။

**ဘဲသား တင်ပို့ခွင့်ရရှိ**

စိုက်ပျိုးရေးနှင့် သမဝါယမဆိုင်ရာ အမြဲတမ်းအတွင်းဝန် Prayoon Insakul က ဩစတြေးလျသည် ၇ နှစ်ကြာ ဆွေးနွေးညှိနှိုင်းပြီးနောက် ထိုင်းနိုင်ငံမှ ချက်ပြုတ်ထားသော ဘဲသားတင်သွင်းရန် နောက်ဆုံးတွင် သဘောတူခဲ့ကြောင်း ပြောကြားခဲ့သည်။

ချက်ပြုတ်ထားသော ဘဲသားတင်သွင်းရန် ဩစတြေးလျ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့်သစ်တောဌာန၏ ခွင့်ပြုချက်သည် မေလ ၁၆ ရက်နေ့တွင် အသက်ဝင်ခဲ့သည်။

ထိုင်းနိုင်ငံမှ ချက်ပြုတ်ထားသော ဘဲသားများကို လာမည့်လတွင် ဩစတြေးလျသို့ စတင်တင်ပို့မည်ဟု မစ္စတာ ပရာယွန်းက မျှော်လင့်ထားသည်။ ပထမဆုံးအနေဖြင့် တန်ချိန် ၁၂၀၀ ခန့် တင်ပို့မည်ဖြစ်ပြီး တန်ဖိုးစုစုပေါင်း ဘတ်သန်း ၄၀၀ ခန့် ရှိကြောင်း ၎င်းက ပြောကြားပါသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6250-pomelo.html

## စင်ကာပူနိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် ကော်ဖီရောင်းအား (၃.၂) ရာခိုင်နှုန်း တိုးလာရန်မျှော်မှန်း


https://www.foodindustrydirectory.com.mm

အာရှတွင်းနိုင်ငံများတွင် စင်ကာပူနိုင်ငံသည် ကော်ဖီသောက်သုံးမှု မြင့်တက်နေသကဲ့သို့ ယင်းနိုင်ငံထွက် ကော်ဖီများကို ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်ကြသဖြင့် ကော်ဖီထုတ်လုပ်မှုသည်လည်း တွင်ကျယ်လျက်ရှိပြီး တင်ပို့ရောင်းချမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံ၏ ကော်ဖီရောင်းအားမှာ မြင့်တက်နေသကဲ့သို့ လာမည့်ငါးနှစ်အတွင်း၌လည်း ယခုထက်ပို၍ ဆက်လက်မြင့်တက်နေဦးမည်ဟု Global Data က ခန့်မှန်းဖော်ပြထားသည်။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ လာမည့် ၂၀၂၇ ခုနှစ်ထိ (၅) နှစ်အတွင်းတွင် စင်ကာပူနိုင်ငံ၏ ကော်ဖီဈေးကွက်ရောင်းချမှုသည် (၃.၂) ရာခိုင်နှုန်းထိ တိုးတက်လာရန် မျှော်လင့်ထားသည်ဟုဆိုသည်။

စင်ကာပူနိုင်ငံတွင် ကိုပီ (Kopi) ၊ အနောက်တိုင်းစတိုင် လတ်တေး (Lattes) တို့အပြင် Flat Whites နှင့် Cold Brew ကဲ့သို့သော ကော်ဖီများကိုလည်း ယခုနှစ်များအတွင်း ပိုမိုလူကြိုက်များလာကြကြောင်း သိရသည်။

ယမန်နှစ် ၂၀၂၂ ခုနှစ်၌ စင်ကာပူနိုင်ငံတွင် တစ်ဦးချင်း ကော်ဖီသောက်သုံးမှုမှာ (၁၂.၇) လီတာဖြစ်ပြီး ကော်ဖီသည် စင်ကာပူနိုင်ငံသားများအတွက် အဓိက အရေးပါသည့် နေ့စဉ် လိုအပ်ချက်တစ်ခု ဖြစ်လာသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံတွင် ပြည်တွင်း ကော်ဖီသောက်သုံးမှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသကဲ့သို့ ပြည်တွင်း၌သာမက အာရှတွင်းနိုင်ငံများရှိ ပြည်ပဈေးကွက်ကိုလည်း ချဲ့ထွင်လာနိုင်လျက်ရှိသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6251-singapore-coffee-demand-in-2027.html

## ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ သစ်သီးများ ပိုမိုတင်ပို့ရောင်းချသော်လည်း ထိုင်းနိုင်ငံထက် အမြတ်အစွန်းနည်းလျက်ရှိ

ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့သည် တရုတ်နိုင်ငံသို့ သစ်သီးအဓိကတင်ပို့သည့် နိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် ဗီယက်နမ်နိုင်ငံထက် သစ်သီးတင်ပို့မှုပမာဏလျော့နည်းသော်လည်း ဝင်ငွေပိုမိုရရှိလျက်ရှိကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ပထမသုံးလအတွင်း ငှက်ပျောသီး၊ သရက်သီး၊ မင်းဂွတ်သီး၊ ဖရဲသီး၊ ဒူးရင်းသီး၊ လောင်ဂန်သီး၊ ကြက်မောက်သီး၊ နဂါးမောက်သီးနှင့် လိုင်ချီးသီးအပါအဝင် သစ်သီးတန်ချိန် (၈၈၅,၃၀၀)တင်သွင်းရန် အမေရိကန်ဒေါ်လာ (၁.၁၈) ဘီလီယံသုံးစွဲခဲ့ကြောင်း တရုတ်အေဂျင်စီများ၏ဖော်ပြချက်အရ သိရှိရပါသည်။

သစ်သီးတင်သွင်းမှုပမာဏသည် ယခင်နှစ်ကာလတူထက် (၁၈.၉)ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း တန်ဖိုးမှာ (၆.၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါသစ်သီး(၉)မျိုး၏ ပျမ်းမျှသွင်းကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၃၂၉.၇)ရှိပြီး ၂၀၂၂ ခုနှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက (၃၁)ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

အဆိုပါသစ်သီးများအနက် ငှက်ပျောသီး၊ လောင်ဂန်သီး၊ နဂါးမောက်သီးနှင့် ဒူးရင်းသီးတို့မှာ တင်သွင်းမှုအများဆုံးဖြစ်ပြီး ငှက်ပျောသီးကို (၅၁၃,၈၀၀)တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃၁၃.၁)သန်းဖိုး တင်သွင်းခဲ့ကြောင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့သည် တရုတ်နိုင်ငံသို့ ငှက်ပျောသီး အဓိကတင်ပို့ရောင်းချသူများဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် တရုတ်နိုင်ငံ၏ လောင်ဂန်သီးတင်သွင်းမှုမှာ (၁၂၅,၀၀၀)တန်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၆၈)သန်း ရှိခဲ့ကြောင်းနှင့် နဂါးမောက်သီးကို (၉၇,၂၀၀) တန် တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၉၃.၃)သန်းဖိုးရှိခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ဒူးရင်းသီးတင်သွင်းမှုမှာ သိသိသာသာဆက်တိုက်မြင့်တက်လျက်ရှိပြီး တန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ (၅၀၆.၈) သန်းရှိပြီး ၂၀၂၂ ခုနှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် (၁၅၄.၃)ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၁၂၄.၆) ရာခိုင် နှုန်း မြင့်တက်လာကြောင်းသိရှိရပါသည်။

လွန်ခဲ့သောနှစ်များတွင် တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံမှ ဒူးရင်းသီးများကို အဓိကတင်သွင်းခဲ့သော်လည်း ဗီယက်နမ်နှင့် တရုတ်တို့အကြား ဗီယက်နမ်မှ ဒူးရင်းသီးများ တရုတ်နိုင်ငံသို့ တင်ပို့မှုဆိုင်ရာ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံပြီးလျှင် တရုတ်ဈေးကွက်သို့ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးများကို တင်ပို့ခွင့်ရသည့် ဒုတိယမြောက် အရှေ့တောင်အာရှနိုင်ငံဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် တရုတ်နိုင်ငံသို့ သစ်သီး (၉)မျိုးကို အဓိကတင်ပို့ရောင်းချသည့် နိုင်ငံ(၂)နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုစုစုပေါင်းတွင် ဗီယက်နမ်နှင့်ထိုင်းသစ်သီးများ၏အချိုးမှာ မြင့်တက်လာကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အဆိုပါသစ်သီးများ (၃၇၆,၃၀၀) တန် ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃၄၂.၃)သန်းဖိုး တင်သွင်းခဲ့ပြီး အရေအတွက်အားဖြင့် (၁၅.၄)ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း တန်ဖိုးအားဖြင့် (၂.၁)ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရှိရပါသည်။ ထိုအတောအတွင်း တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ (၅၈၃)သန်း တန်ဖိုးရှိ သစ်သီး (၂၀၄,၆၀၀)တန် တင်သွင်းခဲ့ရာ အရေအတွက်အားဖြင့် (၃)ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း တန်ဖိုးအားဖြင့် (၂၀.၂)ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရှိရပါသည်။

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ သစ်သီးတင်သွင်းသည့် ပျမ်းမျှဈေးနှုန်းများ(ဗီယက်နမ်အတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၀၉.၆နှင့် ထိုင်းနိုင်ငံအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၂,၈၅၀)အကြား ကြီးမားသော ခြားနားချက်များကို လေ့လာသူများက တွေ့ရှိခဲ့ကြကြောင်းသိရှိရပါသည်။ ဆိုလိုသည်မှာ ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့သည့် အရေအတွက်သည် ထိုင်းနိုင်ငံထက် (၁.၈)ဆ ပိုများသော်လည်း ဗီယက်နမ်မှရရှိသည့် ငွေပမာဏသည် အလွန်နည်းကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် သစ်သီးတန်ချိန်(၅.၄၃)သန်းထွက်ရှိပြီး တစ်နှစ်လျှင် သစ်သီးတန်ချိန် (၁၂-၁၃) သန်း ထွက်ရှိသည့် ဗီယက်နမ်ထက် ထုတ်လုပ်မှုနည်းသော်လည်း ထိုင်းနိုင်ငံသည် ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ (၈.၅၃) ဘီလီယံရရှိပြီး ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၃.၂)ဘီလီယံသာရရှိကြောင်း နန်နင်းစီးပွားရေးအသင်း၏ ဥက္ကဋ္ဌ ဘော့ဝမ်က မကြာသေးမီက ဖိုရမ်တစ်ခုတွင် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

**Source:** https://www.aseanall.com/news/2068.html

**စီးပွားရေးသံမှူး၊ နန်နင်း**

https://myantrade.gov.mm/article/Naypyitawstp_290520230355

## တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် ထိုင်းဒူးရင်းသီးများကို တရုတ်စားသုံးသူများထံ ပို့ဆောင်ပေးခဲ့

တရုတ်-လာအို မီးရထားလမ်းကြောင့် ထိုင်းမှတင်ပို့သူများသည် တရုတ်နိုင်ငံသို့ သစ်သီးများပို့ဆောင်ရန် ပို၍ လွယ်ကူလာခဲ့သဖြင့် ယခုအခါ တရုတ်စားသုံးသူများသည် လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးများကို မြည်းစမ်းနိုင်ကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ဒူးရင်းသီးများကို အမြင့်ဆုံးဈေးနှုန်းဖြင့် ရောင်းချခဲ့သော်လည်း ရောင်းချမှု၌ လုံးဝစိုးရိမ်စရာမလိုကြောင်း ယူနန်ပြည်နယ်ရှိ အရှေ့တောင်အာရှနိုင်ငံများမှ တင်သွင်းသူတစ်ဦးဖြစ်သည့် Liu Yudong ကပြောကြားခဲ့ကြောင်း၊ အလေးချိန် (၁၇) ကီလိုဂရမ်ခန့်ရှိသော ဒူးရင်းသီးသေတ္တာတစ်လုံးကို ယခင်နှစ်များတွင် ယွမ် (၅၀၀)ခန့် (အမေရိကန်ဒေါ်လာ ၇၁ ဒေါ်လာခန့်) ဖြင့် ရောင်းချခဲ့သော်လည်း ယခုနှစ်တွင် ယွမ် (၈၀၀)ဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်းသိရှိရပါသည်။ ၎င်း၏ အဆိုအရ ဧပြီလ၌ ယူနန်ပြည်နယ်တစ်ခုတည်းတွင် နေ့စဉ် ဒူးရင်းသီးအလုံး (၇၀,၀၀၀)မှ (၈၀,၀၀၀) အထိ ရောင်းချခဲ့ရကြောင်း သိရှိရပါသည်။

Liu Yudong ၏ စီးပွားရေးလုပ်ငန်းသည် တရုတ်-လာအိုမီးရထားလမ်းကို အဓိကအသုံးပြုလျက်ရှိကြောင်း၊ အဆိုပါ ရထားလမ်းသည် တရုတ်နိုင်ငံ၊ ကူမင်းမြို့ကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့နှင့် ဆက်သွယ်ထားပြီး ၂၀၂၁ ခုနှစ်တွင် စတင်ပြေးဆွဲခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ရထားလမ်းမှတစ်ဆင့် သစ်သီးများသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုတစ်ခုကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်-လာအိုမီးရထားလမ်းကို အသုံးချခြင်းဖြင့် ထိုင်းနိုင်ငံမှ ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ရောက်ရှိရန် သယ်ယူပို့ဆောင်ချိန်သည် ယခုနှစ်တွင် (၃)ရက်ခန့်အထိ သိသိသာသာလျော့ကျသွားကြောင်းနှင့် သယ်ယူပို့ဆောင်ရေးနှင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများတွင် အခက်အခဲများကို ဖယ်ရှားထားသည့်အတွက် ဒူးရင်းသီးများကို အရည်အသွေးကောင်းမွန်စွာဖြင့် တင်သွင်းနိုင်ကြောင်း သိရှိရပါသည်။

ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ထိုင်းဒူးရင်းသီးများအတွက် အကြီးမားဆုံး ပို့ကုန်ဈေးကွက်ဖြစ်ပြီး စုစုပေါင်းဒူးရင်းသီးပို့ကုန်ပမာဏ၏ (၉၆) ရာခိုင်နှုန်းကျော်ရှိ၍ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၃.၀၉) ဘီလီယံရှိကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ မေလ (၁၀)ရက်နေ့ထိ စာရင်းအရ တရုတ်နိုင်ငံသို့တင်သွင်းသည့် မင်းဂွတ်သီး၊ ဒူးရင်းသီး၊ လောင်ဂန်သီးနှင့် အခြားသစ်သီးများ (၁၇,၂၀၀)တန်ကို တရုတ်-လာအိုမီးရထားလမ်းမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာကတည်းက သယ်ယူပို့ဆောင်ခဲ့ကြောင်း China Railway Kunming Group Co., Ltd.က ဖော်ပြထားကြောင်း သိရှိရပါသည်။

**Source:** https://www.chinadaily.com.cn/a/202305/25/WS646f3057a310b6054fad51e2.html

**စီးပွားရေးသံမှူး၊ နန်နင်း**

https://myantrade.gov.mm/article/Naypyitawstp_290520230345

## STOCK EXCHANGE (30.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,812 (Shares) | 39,832,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 844 | 6,836,400 | 33,109,694 | 268,189 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,900 | 8,345 | 24,607,750 | 38,929,150 | 114,841 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 20 | 148,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 5,516 | 7,998,200 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,500 | 2,500 | 2,500 | 7 | 17,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 70 | 175,000 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 10 | 50,000 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 30th May. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.79 | +0.73 | +0.20% | 361.06 | 361.79 | 359.96 | 14,812 | 39,832,850 | 7 | 637,500 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:30 am, 31st May. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,820 (Shares) | 55,836,850 (MMK) |

| MYANPIX | 354.24 ▼ 7.55 |
|---|---|
| Total Volume (shares) | 19,820 |
| Total Value (MMK) | 56 mil |
| Listed Company | 7 |
| Market Cap. (MMK) | 624,202 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,800 | ▼ 150 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 4,700 | ▼ 300 |